


မြခွေန်းချယ်
ကမ္ဘာချစ်သော တော်လေးပါး
L လင်း

"ကမ္ဘာ"ဆိုတဲ့

ကျွန်တော့်ရဲ့ နှလုံးသားထဲမှာ

သိပ်ချစ်ဖို့ ကောင်းတဲ့ အရိပ်လေးမျိုးရှိတယ်။

အဲဒါတွေကတော့ ....

အမရာ၊ ကိန္နရီ၊ မဒ္ဒီ၊ သမ္ဘူလ .... တဲ့ ။

အဲဒီတော်လေးပါးက

ကျွန်တော့်ရဲ့ ဘဝတစ်ခြမ်းကို

တစ်ဖက်တစ်လမ်းကနေ

လှလှပပ ပုံသွင်းပေးခဲ့ကြတယ်။

ကျွန်တော့်အတွက်တော့

သူတို့ လေးယောက်ဟာ

တုန္ရိုင်းမမီတဲ့ အိုအေစစ်လေးတွေပေါ့ဗျာ .....

ကမ္ဘာ(ခ)မိုးည

"ဟာ .... ကျွတ် .... အချိန်အခါမဟုတ်၊ ဒီမိုးကတော့ လုပ်ပြီ"

အမရာသည် မင်္ဂလာဒုံလေဆိပ်ထဲမှ ထွက် လာပြီး ကားကို မိုင်ကုန်

တင်မောင်းလာခဲ့ရာ နာရီဝက်ခန့်အကြာမှာ ပြည်လမ်းပေါ်အရောက် ဖုန်းခနဲ ရွာချလိုက်သောမိုးကြောင့် စိတ်အနှောင့် အယှက် ဖြစ်သွားရသလို ခပ်တိုးတိုးလေး ညည်းညူရေရွတ်လိုက်ပါသည် ။

ဒီနေ့ အမရာ့ဆိုင်မှာ ပုံမှန်ဖောက်သည် အဖြစ် လာအားပေးသော အန်တီကျော့ စင်ကာပူ သွားဖို့ လေဆိပ်ဆင်းရာ အမရာက အန်တီကျော့နှင့် သမီးနှစ်ယောက်ကို ကူညီချင်ရုံသက်သက်ဖြင့် လေဆိပ်အထိ သွားပို့လာခဲ့ခြင်းဖြစ်သည် ။

“အမရာလမင်း”ဟု အမည်ရသော Beauty Spa ဆိုင်လေးကို တစ်ဦးတည်း တာဝန်ယူပြီး ဖွင့်လှစ်ခဲ့တာ လေးနှစ်ကျော်မျှပင် ရှိခဲ့ပြီ။ အမရာသည် အပျိုရွယ်ရောက်ကတည်းက အလှအပ၊ ဖက်ရှင်ရေးရာနှင့် ပတ်သက်ပြီး အလွန်အမင်း ဝါသနာထုံလေရာ တစ်နေ့ အောင်မြင်ကျော်ကြား သော အလှဖန်တီးရှင်တစ်ယောက် ဖြစ်ကိုဖြစ်ရမည်ဟု ယုံကြည်ချက် ခိုင်မာခဲ့သူဖြစ်သည် ။

အမရာက ကိုယ့်ကိုယ်ကိုယ် အစဉ်အမြဲ ကြွရွလှပနေအောင် ပြင်ဆင်ခြယ်သတတ်သူဖြစ်ပြီး ကိုယ်နှင့်ပတ်သက်ဆက်စပ်သော မိန်းကလေးများကိုလည်း တစ်နည်းမဟုတ်တစ်နည်း အနုစိပ် ပြင်ဆင်မွမ်းမံခြင်းအပေါ် စေတနာထက်သန်စွာ လုပ်ကိုင်ပေးလိုစိတ်ရှိသူ ဖြစ်သည် ။

အမရာရဲ့ သူတစ်ပါးအပေါ် လှပစေချင်သော၊ ကိုယ်ရောစိတ်ပါ နှစ်မြှုပ်လုပ်ကိုင်ပေးချင်သော စေတနာကြောင့်ပင် အမရာရဲ့ ဆိုင်လေးဟာ တစ်နေ့ထက်တစ်နေ့ ဆံပင်ဖြောင့်၊ ကောက်၊ ဆေးဆိုး၊ ပေါင်းတင်၊ လက်သည်းခြေသည်း အလှပုံဖော် စသည် တို့ ၌ အားပေးသူဖောက်သည် များ သထက် များ လာခဲ့ရသည် ။

အမရာ့ဆိုင်ဟာ နှစ်ခန်းတွဲဖြစ်ပြီး ဆိတ်ငြိမ် ကျယ်ဝန်းသော ဆရာစံ လမ်းထဲမှာ ဖွင့်လှစ်ထား ရှိပါသည် ။ အဆင့်အတန်းမြင့်မားသော ဝန် ဆောင်မှုတို့ ၏ ဂုဏ်သတင်းမွှေးပျံ့မှုကြောင့် “အမရာ လမင်း”ဆိုလျှင် C ustomer များ ပါးစပ်ဖျားမှာ သည်းသည်းလှုပ်မျှ ရေးပန်းစားလျက်ရှိ တော့သည် ။

ထို့ပြင် ဆိုင်ပိုင်ရှင် အမရာလမင်း ဆိုသည့် အသက် နှစ်ဆယ့်ရှစ်နှစ် အရွယ် အမျိုးသမီး ကလေး၏ အလှကလည်း မြင်သူတကာ လည်ပြန် ငေးကြည့်ခံရလောက်အောင် ဖူးကြွဝံ့ထည်လျက် ရှိသည် ။ အမရာသည် မျက်ခုံးထူထူ၊ မျက်လုံးညိုညိုဝိုင်းဝိုင်း၊ ချွန်မြသွယ်စင်းသောနှာတံ၊ မထူ မပါး ကကြီးပုံနှုတ်ခမ်းနှင့် ရှည်သွယ်သွယ် မျက်နှာကျကို အလွန်ကုသို လ်ပါရမီထူးစွာ ပိုင်ဆိုင်ခွင့် ရထား သူဖြစ်သည် ။

ထိုမျက်နှာလှလှလေးကို ခါးမရောက်တရောက် ရွှေအိုရောင် ဆံခွေနွ ယ်ပျော့ပျော့များ ကပိုကရို လွင့်ဖြာဝဲကျစေကာ မြင့်မားသွယ်လျသော ကိုယ်နေဟန်ထား၊ အရပ်အမောင်းတို့ ဖြင့် အချိုးအဆစ် ကျစွာ ပေါင်းစ ပ်ဖွဲ့စည်းလိုက်တော့ အမရာ့အလှက ကမ္ဘာကျော်အဆိုတော်မလေး ဘရ စ်တနီစပီး ယားစ်နှင့် နင်လား ငါလားဟု ယှံမှားထင်မှတ်ဖွယ်ရာ ရှိ တော့သည် ။

ထိုမျှမကသေး။ ထိုအလှတရားတို့ ထက် သာလွန်မြင့်မြတ်သော အ လှစစ်စစ်တစ်ခုကလည်း အမရာ့ကို တစ်ဖက်တစ်လမ်းမှ အားဖြည့်ကူ ပေးထားပြန်သည် ။

ထိုအရာကတော့ အမရာ့ရဲ့ သူမတူအောင် ကောင်းမွန်ပြည့်ဝသော စိတ်သဘောထားလေးပင် ဖြစ်လေသည် ။ ရာဇဝင်ထဲမှာ စာတင်ဖူးခဲ့ သော တော်လေးပါးဆိုသည့် မိန်းမကောင်း၊ မိန်းမမြတ်

အရည်အချင်းများ နှင့် ပြည့်စုံခွင့်ရသည့် သူမကို အမရာလမင်းဟု မိဘများက အမြော်အမြင်ကြီးစွာ မှ ည့်တွင် ပေးခဲ့သည် ။

တကယ်လည်း အမရာသည် တော်လေးပါးထဲမှ တစ်ပါးတည်းသော အမရာ ဖြစ်ပါသည် ။ အမရာ တစ်ယောက် ကားမောင်းလာရင်း ကိုယ့်အကြောင်းကိုယ် တောင်တောင်ဤဤ လျှောက်တွေး နေမိကာ တဖြည်းဖြည်း အရှိန်ကောင်း သည်းမည်း လာပြီဖြစ်သော ကိုရွှေမိုးကိုလည်း စိတ်ပျက်ပျက် နှင့် အပြစ်မတင်စဖူး တင်နေမိသည် ။

မိုးတွင်းမဟုတ်ပါဘဲ အငြိုးတကြီး ဝုန်းဒိုင်းကြဲနေသော မိုးထဲမှာ အမရာ့အတွက် ကားကို ဂရုတစိုက် မောင်းနှင်ရတာ အလွန်ခက်ခဲသော ဒုက္ခတစ်ရပ် ဖြစ်စေသည် ။ မှုန်ဝါးရီဝေနေသော ရှေ့ တည့်တည့်ဝန်းကျင်ကို မျက်တောင်မခတ်တမ်း စူးစိုက်ကြည့်ရင်း ကျားကုတ်ကျားခဲ မောင်းနှင်လာ ရင်းမှ လမ်းချိုးတစ်ခုနား အရောက်မှာ ...

"ကျွီ"

အမရာသည် မျက်လုံးအစုံက ချက်ချင်းလက်ငင်းပင် ပုစွန်တစ်ကောင်လို ပြူးကျယ်ဝိုင်းစက် သွားရကာ ယောင်ယမ်းပြီး ဘရိတ်ဖမ်းအုပ်ချလိုက်ရသည် ။ "ကျွီ" ဆိုသော ကိုယ့်ကားရဲ့ ဘရိတ်ဆွဲ သံက တစ်သက်နဲ့ တစ်ကိုယ် ဒီတစ်ခါ အကျယ်ဆုံးဟု ထင်လိုက်မိလေသည် ။

သို့သော် စက္ကန့်ပိုင်း အတွင်းမှာ ပင် ကားပေါ်မှ မဆင်းမဖြစ် ဆင်းရတော့မည့် အနေအထားဟု ကိုယ့်ဟာကိုယ် သိနားလည်လိုက်သည် ။ သေချာပါသည် ။ တိုက်မိသွားခြင်းမဟုတ်ဟု ကိုယ့်ကိုယ်ကိုယ် ကျိန်းသေသိနေသော်လည်း ရှေ့မှာ ဝုန်းခနဲ ပြိုအိပုံကျသွားသော အရာတစ်ခုကြောင့် ဘာကိုမှ ထွေထွေထူးထူး စဉ်းစားမနေတော့ဘဲ ကားပေါ်မှ ဆင်းလိုက်သည် ။

လူတစ်ယောက်။ အတိအကျပြောရလျှင် ယခု အမရာ့ရှေ့ လမ်းမပေါ် ပုံပျက်ပန်းပျက် လဲကျနေသူမှာ လူလတ်ပိုင်းအရွယ် ယောက်ျားတစ်ယောက်ဖြစ်သည် ။ အမရာသည် ဘာလုပ်လို့ ဘာကိုင်ရမှန်းမသိ လက်သည်းကိုက်ရင်း ကြောင်အနေချိန်မှာ ပင် ချက်ချင်းသတိဝင်လာကာ သူ့နားမှာ ဒူးထောက်ထိုင်ချလိုက်သည် ။ ခဏတွင်းမှာ ပင် အမရာ့တစ်ကိုယ်လုံး မိုးရေများ ရွှဲရွှဲစိုသွား လေသည် ။

အမရာသည် သူ့လက်တစ်ဖက်ကို အသာဆွဲကိုင်လှုပ်ယမ်းပြီး .....

"ဒီ .... ဒီမှာ .... ရှင် .... ဘာဖြစ်သွားလဲဟင်"

သူက အမရာ့ ခေါ်သံကို ရေးရေးမျှ မကြားသည့်နှယ် ပကတိ တိတ်ဆိတ်ငြိမ်သက်လျက်ပင်။ အမရာတစ်ယောက် သူ့ရဲ့ မှောက်လျက်ခန္ဓာကိုယ်ကို ရှိစုမဲ့ အားလေးနှင့် လှမ်းလှန်ချလိုက်တာ ....

"အို .... ရှင် .... ဘုရားရေ၊ ရှင် သတိလစ်နေတာလား၊ ဒီ .... ဒီမှာ "

အမရာ့တစ်ကိုယ်လုံး ဓာတ်လိုက်ခံရသူလို ရုတ်ခြည်းပင် တုန်တက်ဖြာခါသွားရသည် ။ ကိုယ့်ကားနဲ့ မတိုက်မိဘူးဆိုတာ သေချာပေမယ့် တိုက်တိုက်ဆိုင်ဆိုင် ကားကွေ့ခါနီးမှာ မှ ကားရှေ့ ရုတ်တရက် ခွေခေါက်လဲကျသွားသူဟာ ခုတော့ သတိလစ်နေသည့် အနေအထားမှ ရောက်သွား ခဲ့ပြီ။

လူသွားလူလာ ကင်းပြတ်သော ဒီလိုနေရာမျိုးမှာ ဒီလူတစ်ယောက်ကို အမရာ ဘယ်လိုနည်း ဖြင့် ထားခဲ့ရက်နိုင်မည်နည်း။ အမရာသည် စက္ကန့်ပိုင်းမျှကြာအောင် အပြေးအလွှားစဉ်းစားခန်းဝင် နေပြီးနောက် ကြုံရ ခဲ့ ရ သ ည့် အ ဆ ုံး မ ဲ ့ ၁ သွေးသောက်ရဲဘော်များ ဆီသို့သာ ဖုန်းဆက်အကြောင်းကြား ရန် အကြံရလိုက်မိသည် ။

ကံကောင်းထောက်မစွာ မိုးသံလေသံများကြားမှ ပင် ဖုန်းလိုင်းက အဆင်ပြေပြေ ဝင်သွားပါ သည် ။

"ဟယ်လို"

"ဟဲ့ .... ဘယ်သူလဲ"

"အမရာလား၊ ငါ ကိန္နရီ၊ နင် ခုထိပြန်မလာသေးဘူးလား၊ ငါတို့ နင့်အတွက် စိတ်ပူနေ ကြတာ၊ မိုးတွေကလည်း အရမ်းရွာနေလို့ "

အမရာသည် တစ်ဖက်မှ ကိန္နရီ့အသံကို အားစိုက်နားထောင်ရင်း လဲကျနေသူထံ တစ်ချက် ကြည့်လိုက်ကာ ....

"ကိန္နရီ .... ငါပြောမယ်၊ သေချာနားထောင်၊ ငါ အခု ပြည်လမ်း ရောက်နေတယ်၊ ကားကွေ့ ခါနီး လူတစ်ယောက်ကို တိုက်မိသလို ဖြစ်သွားလို့ ၊ အခု သူ သတိလစ်နေတယ်၊ အဲဒါ ဘာဆက်လုပ် ရမှန်း မသိတာနဲ့ နင်တို့ ဆီ လှမ်းဆက်တာ"

"အလို .... ဘုရားရေ၊ ဒုက္ခပါပဲ၊ နင် မ .... မတိုက်မိတာ သေချာတယ်နော် အမရာ"

"ဩော် ... သေချာပါတယ်ဟဲ့၊ ငါ အခုဆင်းကြည့်နေတာ၊ င့ါကားနဲ့ နှစ်ပေအကွာလောက် မှာ သူ လဲသွားတာ၊ သူ့ကြည့်ရတာ တော်တော်လေး အားပြတ်နေပုံပဲ၊ မိုးတွေကလည်း ရွဲလို့ "

"အမရာရယ် .... ငါ ရင်တောင်တုန် လာပြီ၊ ဟို ... အမူးသမားတွေ ဘာတွေများ ဖြစ်နေ မလား"

အမရာသည် ကိန္နရီ့စကားကြောင့် သူ့ဘက်စူးစမ်း ကြည့်လိုက်မိသည် ။ အင်း .... အကဲခတ် ကြည့်ရသလောက်တော့ အရက်မူးသမားပုံစံ မဖြစ်နိုင်တာ ကျိန်းသေသည် ။ သူ့ဟာသူ အင်အားနည်း ချည့်နဲ့ နေတာ

ပဲ ဖြစ်မည်ထင်သည် ။

"အရက်သမား မဖြစ်နိုင်ဘူး ကိန္နရီရဲ့ ၊ အရွယ်ကလည်း ငယ်ငယ်လေး ရှိသေးတယ်၊ ငါသူ့ကို လမ်းမပေါ်ဒီတိုင်းပစ်ထားခဲ့ဖို့ မဖြစ်နိုင်လို့ နင်တို့ ဆီ လှမ်းဆက်ပြောတာ"

"အေး ..... နင်ပြောတာလည်း ဟုတ်တယ်၊ ငါက စိုးရိမ်လို့ ပါဟယ်၊ ဒီပုံစံအတိုင်းဆို သူ သေသွားလိမ့်မယ်၊ နင် ဘယ်လိုလုပ်ချင်လဲ အမရာ"

အမရာသည် ခိုင်မာသော ဆုံးဖြတ်ချက်တစ်ခုကို ကောက်ကာငင်ကာ ချလိုက်ရင်း ....

"ငါ အိမ်ကိုခေါ်လာချင်တယ် ကိန္နရီ၊ ဟိုကောင်တွေကိုလည်း ပြောထားလိုက်၊ သူ သတိပြန်လည်တော့မှ သူ့အကြောင်း မေးမြန်းပြီး ပြန်လွှတ်ကြတာပေါ့"

"အေး ... နင့်အကြံ ကောင်းသားပဲ၊ ဒါပေမဲ့ နင်တစ်ယောက်တည်း ဖြစ်ပါ့မလား"

"ရတယ်၊ မပူနဲ့ ကိန္နရီ၊ ဒါဆို ငါ ဖုန်းချလိုက်တော့မယ်"

"အေး .....အေး"

အမရာသည် ကိန္နရီနှင့် ဖုန်းပြောပြီးသည် နှင့် သူ့ထံပြန်လျှောက်သွားကာ သူ့ခန္ဓာကိုယ်ကို ဒရွတ်တိုက်ဆွဲ၍ ကားရှိရာသို့ ခဲရာခဲဆစ် ဆွဲခေါ်လာပါသည် ။ မိုးက စောစောကထက် အရှိန်လျော့သွားပြီ ဖြစ်သော်လည်း အမရာနှင့်သူ နှစ်ယောက်လုံး ကြွက်စုပ်ပုံ ပြောင်းသွားသည် ။ ကားနောက်ခန်းထဲ မနိုင်မနင်း တွန်းထိုးထည့်ပြီးသည် နှင့် တံခါးပိတ်ကာ အမရာ ကားရှေ့ခန်းထဲ ပြန်ဝင်ထိုင်ပြီး ကားကို နေရာမှ အရှိန်ပြင်းပြင်း မောင်းထွက်ခဲ့တော့သည် ။

သူကတော့ နောက်ခန်းထဲမှာ ပိုးလိုးပက်လက်နှင့် မေ့မြောသတိလစ်လို့ ကောင်းနေဆဲပင်။ သေချာအကဲခတ်ကြည့်တော့မှ အမရာတို့ နှင့် သက်တူရွယ်တူလောက်ပင် ရှိမည်ဟု ခန့်မှန်းရသည် ။

အမရာ့အိမ် ပြန်အလာကို စောင့်မျှော်နေကြမည့် ဘော်ဒါများကို တွေးမြင်ယောင်မိရင်း သက်ပြင်းတစ်ချက်နှင့်အတူ မချိတင်ကဲ ပြုံးလိုက်မိသေးသည် ။

"ခြေနှစ်ချောင်း မကယ်ကောင်း" ဟူသော စကားပုံသည် အမရာတို့လို စိတ်သဘောထား ဖြူစင်ပြည့်ဝသော သူငယ်ချင်းလေးယောက်နှင့်တော့ လားလားမျှပင် မသက်ဆိုင်ခဲ့ပါ။

ထိုလေးယောက်ပေါင်း သူငယ်ချင်းများမှာ အမရာလမင်း၊ လွမ်းကိန္နရီ၊ မဒ္ဒီလှိုင်းနှင့် နန်းသမ္ဘူလ ဆိုသည့် တော်လေးပါး လက်သစ်များ ပင်ဖြစ်ချေတော့မည်။

*